# ဖြူဖြူကျော်သိန်း

ဂီတစင်မြင့်ပေါ်တွင် ဖြူဖြူကျော်သိန်းဟုသိကြသော သူ့ကို စီးပွားရေးပညာရှင် မိဘနှစ်ပါးမှ ၁၉၈၁ ဧပြီလ ၂၂ ရက်တွင် ရန်ကုန်မြို့တွင် မွေးဖွားခဲ့သည်။ မွေးချင်းနှစ်ဦးရှိရာတွင် သူသည် အငယ်ဖြစ်သည်။

## အစအစောပိုင်းကာလ

ဖြူဖြူသည် ဆယ်ကျော်သက်အရွယ်ကတည်းက ရန်ကုန်ရှိ မောနွေလ နှစ်ချင်းဘုရားကျောင်းသံစုံအဆိုအဖွဲ့တွင် ပါဝင်သီဆိုခဲ့သည်။ ဘုရားကျောင်းတွင် ပင်တိုင်အဆိုရှင်တစ်ဦး ဖြစ်လာခဲ့သည်။ ယနေ့ အထိပင် တနင်္ဂနွေနေ့တိုင်း သီဆိုနေဆဲဖြစ်သည်။ ထိုမှလွဲ၍ ပုံစံတကျ အဆိုသင်တန်း မတက်ခဲ့ဖူးချေ။ အထက်တန်းအောင်ရန် စာကြိုးစားနေစဉ်တွင် သီချင်းဆိုခြင်းသည် ဖြူဖြူ့ အနှစ်သက်ဆုံး ဝါသနာနှင့် အပန်းဖြေခြင်းဖြစ်ခဲ့သည်။ ၁၉၉၈ တွင် ဆယ်တန်းအောင်ခဲ့ပြီး ဆေးတက္ကသိုလ်တက်ရောက်သင်ယူခဲ့သည်။ ဆေးတက္ကသိုလ်တက်နေစဉ်တွင် ဖြူဖြူသည် ဘုရားကျောင်းပြင်ပတွင် သီချင်းဆိုရန် စတင်ကြိုးစားခဲ့သည်။ အဆိုပြိုင်ပွဲများ ဝင်ပြိုင်ခဲ့သည်။ မြန်မာလူမျိုးပရိသတ်တို့၏နားတွင် သူ၏ အသံမျိုးမှာ ထူးဆန်းနေသည့် အတွက် အစောပိုင်းမှာ သူအောင်မြင်မှု မရခဲ့ချေ။

## အောင်မြင်မှု

ဖြူဖြူကျော်သိန်းသည် သူ့နှလုံးသားကို ဂီတတွင် နှစ်မြှုပ်ထားသည်။ ထို့နောက် မိသားစုနှင့် ရင်းနှီးသော ကူညီဖေးမပေးမည့်သူတစ်ဦး ရရှိခဲ့သည်။ ထိုသူမှာ အောင်မြင်သော လုပ်ငန်းရှင်တစ်ဦးဖြစ်ပြီး "တစ်နေ့ကျရင် ကမ္ဘာကျော်တစ်ဦးဖြစ်ချင်တယ်"ဟုဆိုသော ၁၉ နှစ်အရွယ် မိန်းကလေးငယ်ကို သဘော ကျသွားသူဖြစ်သည်။ ထိုစဉ်က တိုင်းပြည်သည် ပြင်ပကမ္ဘာနှင့်ကင်းကွာ၍ အထီးကျန်နေရချိန်ဖြစ်သည်။ ထုတ်ဝေပေးမည့်ကုမ္ပဏီမရှိပဲ ဖြူဖြူသည် သူ၏ ပထမသီချင်းအယ်လ်ဘမ်ကို ၂၀၀၂ တွင် ထွက်ရှိရန် အစအဆုံး ကိုယ်တိုင် ကြိုးပမ်းခဲ့သည်။

၂၀၀၃၊ ဩဂုတ်လတွင် ဖြူဖြူ့ကို မြန်မာနိုင်ငံ၏ အကျော်ကြားဆုံး ရော့ခ်ဂီတအဖွဲ့ Iron Cross က အသံသွင်းစတူဒီယိုတွင် သတိပြုမိသွားခဲ့သည်။ ထိုစဉ်က သူတို့သည်လည်း စတူဒီယိုတွင် အသံသွင်းနေစဉ် ဖြစ်သည်။ ရော့ခ်ဂီတအဖွဲ့က သူတို့၏ ဖျော်ဖြေပွဲအဖွင့်တွင် ပါဝင်သီဆိုရန် ဖြူဖြူကို ဖိတ်ခေါ်ခဲ့သည်။ သူ၏ ဖျော်ဖြေမှုကို ပရိသတ်ရော၊ ဝေဖန်ရေးသမားတွေကပါ လက်ခံအားပေးခဲ့ကြသည်။ ဤသို့ဖြင့် ဖြူဖြူသည် အောင်မြင်ခြင်းလမ်းမပေါ် ရောက်ရှိလာခဲ့သည်။

## ဂီတလမ်းကြောင်း

ဖြူဖြူ၏ ပထမသီချင်းခွေ "လုံးဝမသက်ဆိုင်တော့ပါ"၏ ကြော်ငြာမှာ သူ၏ တစ်မူထူးသောဆိုဟန် ကြောင့် တီဗီတွင် ပြသခွင့်ငြင်းပယ်ခံခဲ့ရပြီး လအနည်းငယ် နောက်ကျ၍ ထွက်ရှိနိုင်ခဲ့သည်။

Media Contact: Bonnye Hart | MTV EXIT | Thai Number: +66 (0) 8 6040 6269| UK Number: +44 (0) 7748 623 000
Skype: bonnyehart | Email: bonnye.hart@mtvexit.org, media@mtvexit.org

၂၀၀၄ တွင် ထွက်ရှိခဲ့သော ဘွန်ဂျိုဗီ၏ It's my life (CHECK) အခွေကာဗာတွင် ဖြူဖြူ နာမည်စရ ခဲ့သည်။ နောက်တစ်နှစ်ခွဲအကြာတွင် ဆေးတက္ကသိုလ်မှ ဘွဲ့ရခဲ့ပြီး ထိုအချိန်မှစ၍ ဂီတလောကတွင်သာ ဘဝကို နှစ်မြုပ်ထားခဲ့သည်။ သူ၏ ထူးခြားသော ဝတ်စားဆင်ယင်ပုံ၊ ဖျော်ဖြေတင်ဆက်ပုံတို့ကြောင့် ဖြူဖြူ သည် နိုင်ငံတွင်းရှိ အခြားသော အမျိုးသမီးအဆိုတော်များနှင့် ကွဲပြားခြားနားသော အဆိုတော်တစ်ဦး ဖြစ်လာခဲ့သည်။

၂၀၀၇ တွင် "ချစ်သူ့အမုန်းကျိန်စာ" အခွေထွက်ရှိခဲ့ပြီး လူကြိုက်အများဆုံး အရောင်းရဆုံး အနုပညာရှင်ဆုကို ချီးမြှင့်ခံခဲ့ရသည်။ ၂၀၁၁ တွင် အင်္ဂလိပ်သီချင်းများ စုစည်းမှုအဖြစ် Menior of a Diva အခွေထွက်ရှိခဲ့သည်။

၂၀၁၂ ဩဂုတ်လတွင် သူ၏ အောင်မြင်သော "မိန်းခလေးတစ်ယောက် အသဲကွဲနေသည်" အခွေ ထွက်ခဲ့သည်။ ထိုအယ်လ်ဘမ်မှာ နာမည်ကြီးတေးရေးများ၊ တေးရေးအသစ်များ ရေးဖွဲ့သော ရော့ခ်သီချင်း အသစ်များ စုစည်းထားခြင်း ဖြစ်သည်။

တစ်ကိုယ်တော်အခွေများအကြားတွင် စုပေါင်းအခွေများတွင်လည်း ပါဝင်သီဆိုခဲ့သည်။ စုပေါင်း စပ်ပေါင်း သီချင်းခွေများမှာ ဤနိုင်ငံ ဂီတလောက၏ ယဉ်ကျေးမှုတစ်မျိုးပင်ဖြစ်သည်။

## ဖျော်ဖြေတင်ဆက်မှု

ဖြူဖြူကျော်သိန်း၏ လျှပ်စီးသကဲ့သို့သော ဖျော်ဖြေတင်ဆက်ပုံကြောင့် မြန်မာနိုင်ငံတစ်ဝှမ်းတွင် လူသိအများဆုံး အဆိုတော်ဖြစ်လာခဲ့သည်။ ဝေဘန်ရေးသမားများကလည်း သူ့ကို မြန်မာနိုင်ငံ၏ လေဒီဂါဂါ ဟု ချီးမွမ်းခဲ့ကြသည်။ ဖြူဖြူသည် အနောက်တိုင်း အရှေ့တောင်နှင့် အရှေ့အာရှတို့တွင် ပုံမှန်ဖျော်ဖြေလေ့ ရှိသည်။ အာဆီယံနှစ်လေးဆယ်မြောက်ပွဲတွင် စင်္ကာပူရှိ Hard Kock Café' တွင် မှတ်မှတ်ရရ ပါဝင်ဖျော်ဖြေ သီဆိုခဲ့သည်။

## လူသားကောင်းကျိုးဆောင်ရွက်မှု

ဖြူဖြူကျော်သိန်းသည် လူသားချင်းစာနာရေးဆိုင်ရာ အရေးကိစ္စများတွင်လည်း အချိန်ပေး ပါဝင် ဆောင်ရွက်လျက်ရှိသည်။ ၂၀၀၉ တွင် MTV EXIT ၏ သံတမန် ဖြစ်လာခဲ့သည်။ လူကုန်ကူးမှုဆိုင်ရာ မှတ်တမ်းရုပ်ရှင် "Traffic" တွင် အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်ခဲ့ပြီး ထိုကားကို နိုင်ငံပိုင် ရုပ်သံလိုင်း များမှ တစ်နိုင်ငံလုံး ထုတ်လွှင့်ပြသခဲ့သည်။ MTV EXIT က ပြည်သူ့ရင်ပြင်တွင် ဒီဇင်ဘာ ၁၆ ရက်တွင် စီစဉ် တင်ဆက်မည့် ပညာပေးဂီတဖျော်ဖြေပွဲကြီးတွင်လည်း ဖြူဖြူ ပါဝင်ဖျော်ဖြေမည် ဖြစ်သည်။

- ပြီး-

Media Contact: Bonnye Hart | MTV EXIT | Thai Number: +66 (0) 8 6040 6269| UK Number: +44 (0) 7748 623 000
Skype: bonnyehart | Email: bonnye.hart@mtvexit.org, media@mtvexit.org